# မြန်မာနိုင်ငံ – စစ်အစိုးရဝန်ခံထားသည်ထက်ပိုမိုဆိုးရွားနေသည့်အရေးယူ နှိမ်နင်းမှုကြီး

*အပြည်ပြည်ဆိုင်ရာမှ အရေးမယူမှုတွေများကြား၊ ဖမ်းဆီးမှုများဆက်လက်ရှိနေဆဲ*

(နယူးရောက်၊ ဒီဇင်ဘာလ ၇၊ ၂၀၀၇) ဘုန်းကြီးများနှင့် ငြိမ်းချမ်းစွာဆန္ဒပြ ခဲ့ကြသောသူများကို အရေးယူနှိမ်နင်းရာတွင် မြန်မာအစိုးရက ဝန်ခံထားသည် ထက် လူပိုများအသတ်ခံခဲ့ရကြောင်းနှင့် အကျဉ်းချခံခဲ့ရကြောင်း ယနေ့ ထုတ်ပြန်လိုက်သည့် လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အရေးယူနှိမ်နင်းသည့်အချိန်မှစ၍ စစ်အစိုးရသည် ဘုန်းကြီးများအားသက်န်းချွတ်ခိုင်းခြင်း၊ ညပိုင်းတွင် ဘုန်းကြီးကျောင်းများသို့ ဝင်ရောက်စီးနင်းခြင်းဖြင့် ဆန္ဒပြခေါင်းဆောင်များကို မတွေ့တွေ့အောင်လိုက် ရှာခြင်း၊ တော်လှန်ဆန့်ကျင်သူများအားလုံးကို ခြိမ်းခြောက်ရန်အာဏာ ရှင်ဆန်သော နည်းလမ်းများကိုကျင့်သုံးခြင်းများ ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၁၄၀ ရှိသည့် "အရေးယူနှိမ်နင်းမှုကြီး –၂၀၀၇ မြန်မာပြည် လူထုဆန္ဒပြ မှုများအပေါ် ဖိနှိပ်ချုပ်ချယ်မှု" အစီရင်ခံစာသည် မြန်မာပြည်နှင့် ထိုင်းနိုင်ငံရှိ မျက်မြင်သက်သေအယောက် ၁၀၀ ကျော်ကို တွေ့ဆုံမေးမြန်း ပြီးတင်ပြထားခြင်းဖြစ်သည်။ ဩဂုတ်လနှင့်စက်တင်ဘာလတွင် ဖြစ်ခဲ့သော အဖြစ်အပျက်များကို အစုံလင်ဆုံးဖြစ်အောင် အစီရင်ခံထားသည်။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီး၏သုတေသနအရ လုံခြုံရေးအဖွဲ့များက လက်နက်ခဲယမ်းကျည်စစ်များနှင့် ရာဘာကျည်ဆံများကို ဆန္ဒပြနေသော လူအုပ်ကြားထဲသို့ပစ်လွှတ်ခဲ့ပြီး၊ စစ်ကားထဲသို့ ဒရွတ်တိုက်မဆွဲသွင်းမီ ဘုန်းကြီးများနှင့် ချီတက်သူများကိုရိုက်နက်ခြင်း၊ထောင်ပေါင်းများစွာသောလူ များကို တရားဝင်အချုပ်ထောင်များနှင့် အချုပ်ထောင်မဟုတ်သောနေရာ များတွင် ပရမ်းပတာ အကျဉ်းချထားခြင်းများပြုလုပ်ခဲ့သည်။ ဘုန်းကြီးများ အပြင် ကျောင်းသားအမြောက်အများနှင့်အရပ်သားများပါ အသတ်ခံခဲ့ရ သည်။ သေဆုံးသူဦးရေကို အတိအကျဖော်ပြနိုင်ရန် တနိုင်ငံလုံးအတိုင်းအတာကိုမသိ သောကြောင့် မတင်ပြနိုင်ပါ။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီး၏ဒါရိုက်တာ ဘရက်အာဒမ်က "မြန်မာပြည် က အရေးယူနှိမ်နင်းမှုကြီးမှာ ပြီးဆုံးဖို့ အလှမ်းဝေးနေဆဲပဲ။ ပြင်းထန်ဆိုးရွား တဲ့ ဖိနှိပ်ချုပ်ချယ်မှုများလည်း ဆက်လက်ဖြစ်နေဆဲဖြစ်ပြီး၊ အစိုးရက အကျဉ်းချထားမှုများနဲ့ အသတ်ခံရသူဦးရေများကို လိမ်ညာပြောဆိုနေဆဲ ဖြစ်တယ်" ဟု ဆိုသည်။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးမှ အစိုးရ၏ အရေးယူနှိမ်နင်းမှုကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး (ပြည်ခိုင်ဖြိုး)လည်း ပါဝင် ကြောင်း တွေ့ရသည်။ ၄င်းအသင်းကြီးမှာ အဖွဲ့ဝင်ပေါင်း ၂၃ သန်းပါဝင်ပြီး စစ်အစိုးရ၏ အနာဂတ်လူထု အစိုးရအဖြစ်ရပ်တည်လာမည့်အသင်းကြီး ဖြစ်သည်။ ထိုအသင်းကြီးက

ဆန္ဒပြသူများအားအကျဉ်းချခြင်းနှင့်ရိုက်နှက် ခြင်းများကိုလုပ်သည့် လုံထိန်းများ၊ စစ်သားများ၊ ပြည်သူ့စစ်အဖွဲ့ "စွမ်းအား ရှင်များ" နှင့် အတူပူးပေါင်းလုပ်ဆောင်ပါဝင်ခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာက ရန်ကုန်မြို့တွင် လူပေါင်း ၂၀ အသတ်ခံခဲ့ရကြောင်းတင် ပြထားသော်လည်း သေဆုံးသူဦးရေမှာ ဒီထက်ပိုများပြီ၊ ရာပေါင်းများစွာ အကျဉ်းချခံရဖွယ်ရှိသည်ဟု လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးက ယုံကြည် သည်။ ရန်ကုန်မြို့ကလွဲပြီး၊ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သော အခြားမြို့ရွာများ သို့ လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးက သွားရောက်သတင်း မယူနိုင်ခဲ့ပါ။

နေပြည်တော်၌ ဒီဇင်ဘာ ၃ ရက်တွင်ပြုလုပ်ခဲ့သော သတင်းဆွေးနွေးပွဲတွင် အမျိုးသားရဲ ခေါင်းဆောင် ဗိုလ်ချုပ် ခင်ရဲက "စက်တင်ဘာ ၂၆ မှ ၃၀ အထိဖြစ်ပွားခဲ့တဲ့ ဘုန်းကြီး ဆန္ဒပြမှုများ တွင် လူ ၁၄ ယောက် ဒဏ်ရာ ရပြီး ၁၀ ယောက် သေဆုံးခဲ့ပါတယ်။ လုံခြုံရေးအဖွဲ့ဝင်များက နည်းဥပဒေ အရ ကိုင်တွယ်ဖြေရှင်းခဲ့တာဖြစ်တယ်" ဟု ဆိုသည်။ လူ့အခွင့်အရေးလုပ် ရှားမှုအဖွဲ့ကြီးက တွေ့ရှိချက်အရ ခင်ရဲ ကိုယ်တိုင်က စက်တင်ဘာလ ၂၆တွင် ရန်ကုန်ရွှေတိဂုံဘုရား၌ဘုန်းကြီးများကို သတ်ဖြတ်ခြင်း၊ ရိုက်နှက် ခြင်း၊ ရက်စက်စွာ ဖမ်းဆီးမှုများလုပ်ရာတွင် ညွှန်ကြားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

နအဖအစိုးရက ဘုန်းကြီး ၅၉၆ ပါး အပါအဝင် လူပေါင်း ၂၉၂၇ ယောက်ကို ဖမ်းဆီးစစ်ဆေးမေးမြန်းခဲ့ကြောင်းနှင့် အားလုံးနီးပါးကို ပြန်လွှတ် ပေးခဲ့ပြီဖြစ်ကြောင်း ပြော ကားသည်။ နအဖက ၉ ယောက်ကို ထောင်ဒဏ် ချမှတ်ခဲ့ပြီး သာမန်အရပ်သား ၅၉ ယောက်နှင့် ဘုန်းကြီး ၂၁ ပါးကို အကျဉ်းချထားဆဲဖြစ်ကြောင်း ပြောဆိုသည်။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးက နအဖအစိုးရ၏ စာရင်းထဲတွင် ဩဂုတ်လကုန်ပိုင်းတွင် အဖမ်းခံခဲ့ရသည့် ဆန္ဒပြမှုများကိုဦးဆောင်ခဲ့သော ဘုန်းကြီးများနှင့် ၈၈ အရေးအခင်း ကျောင်းသားအဖွဲ့ဝင်များ အပါအဝင် ရာပေါင်းများစွာသောဆန္ဒပြသူများကို ထည့်မတွက်ထားကြောင်း တွေ့ရသည်။ ဆန္ဒပြမှုများမတိုင်မီတွင် ၁၂၀၀ ထက်မကသော နိုင်ငံရေးအကျဉ်းသားများမှာ မြန်မာပြည် ထောင်များနှင့် အလုပ်ကြမ်းထောင်များတွင် အကျဉ်းချခံထား ရကြောင်း လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးမှ သိရသည်။

"ဗိုလ်ချုပ်ကြီးတွေက အရပ်သားလူရမ်းကားများ၊ စစ်သားများနှင့်ရဲများကို ဘုန်းကြီးများနှင့်ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် နှိမ်နင်းရာတွင် သုံးခဲ့ ကြတယ်။ အခု အဲဒီအသတ်ခံခဲ့ရသူများအတွက် တာဝန်ယူ ဖြေရှင်းချက် ထုတ်ပြီး၊ ပျောက်ဆုံးနေသူများအကြောင်းကို ထုတ်ဖော်ပြောဆိုဝန်ခံ သင့်တယ်" ဟု အာဒမ်က ပြောကြားသည်။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးက မြန်မာအစိုးရမှ အဓိကကျသော ပြုပြင်ပြောင်းလဲမှု များကိုလုပ်ဆောင်သွားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့အပါအဝင် နိုင်ငံတကာမှ အရေးယူဖိအားပေး လုပ်ဆောင်သွားရန်တောင်းဆိုသည်။ ဒီဇင်ဘာလ ၁၁ တွင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးပိုင်းဆိုင်ရာ အထူးကိုယ်စားလှယ်တော် ပေါ်လိုဆာဂျီအို ပီနဲရိုးလ်က ဂျီနီဗာတွင်

အရေးယူနိမ်နင်းမှုကြီးမှ တွေ့ရှိချက်များကို လူ့အခွင့်အရေးဆိုင်ရာကောင်စီသို့ တင်ပြသွားမည်ဖြစ်သည်။

လူ့အခွင့်အရေးလုပ်ရှားမှုအဖွဲ့ကြီးက မြန်မာပြည်နှင့် ဆက်ဆံရေးကောင်းမွန်ပြီး လွှမ်းမိုးမှု အာဏာရှိသော တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် အာဆီယံအဖွဲ့ ဝင်နိုင်ငံများအား မြန်မာပြည်အပေါ်မည်သည့်အရေးယူခြင်းမျှ မပြုလုပ်ခြင်း အတွက် ပြစ်တင်ဝေဖန်ပြောဆိုသည်။ တရုတ်က မြန်မာအား ကမ္ဘာ့ကုလသ မဂ္ဂလုံခြုံရေးအဖွဲ့က မည်သည့်အရေးယူလုပ်ဆောင်ခြင်းကိုမျှ ခွင့်ပြုမည် မဟုတ်ကြောင်း သေချာပြတ်သားစွာ ပြောဆိုခဲ့သည်။ ဗမာလုံခြုံရေးတပ် များက ဂျပန်နိုင်ငံသားသတင်းထောက်ကို ပစ်သတ်ခဲ့သော်လည်း၊ ဂျပန်က မြန်မာပြည်ကို ပေ့ါလျော့စွာ တုံ့ပြန်ခဲ့သည်။

"ဒီအချိန်ဟာ ကမ္ဘာမှ ကုလသမဂ္ဂလက်နက်ပိတ်ဆို့မှုနှင့် ငွေရေးကြေးရေး ပတ်ဆို့မှုများပြုလုပ်ခြင်းဖြင့် မြန်မာခေါင်းဆောင်များ အမှန်တကယ်ပြောင်းလဲ မှုများကိုပြုလုပ်လာနိုင်သည်အထိလုပ်ဆောင်သွားဖို့ဖြစ်တယ်" ဟု အာဒမ်က ဆိုသည်။ "တရုတ်၊ အိန္ဒိယ နှင့် ထိုင်းကဲ့သို့သော နိုင်ငံများက ဒီစစ်အစိုးရ ရဲ့ဖိနှိပ်ရက်စက်မှု အိပ်မက်ဆိုးကြီးကို ရပ်စေရန်နှင့် ဗိုလ်ချုပ်ကြီးများကို တာဝန်ယူ အပြစ်ပေးရန်တာဝန်ရှိတယ်" ဟု ဆိုသည်။

"အရေးယူနိမ်နင်းမှုကြီး" မှ ရွေးထုတ်ထားသောမျက်မြင်များ၏ ထွက်ဆိုချက်များ

"ဘုန်းကြီးကျောင်းကို စီးနင်းတိုက်ခိုက်တဲ့အချိန်ဟာ မနက်တနာရီလောက်မှာ ဖြစ်တယ်။ စစ်သားများက ဘုန်းကြီးကျောင်းဂိတ်ပေါက်များ ဖွင့်ပေးရန် အော်ဟစ်ပြောဆိုတယ်။ ဘယ်သူ မှ ထွက်မလာတော့ ဂိတ်တွေကို သူတို့ရဲ့စစ်ကားနဲ့တိုက်ပြီး မောင်းဝင်လာတယ်။ ကျယ်လောင်စွာ အော်ဟစ်ပြီးတော့ ဘုန်းကြီးကျောင်းရဲ့ အဆောက်အဦး အတွင်းကို မျက်ရည် ယိုဗုံးများနဲ့ သေနတ်များကို ပစ်ခဲ့တယ်။ မြင်မြင်သမျှဘုန်းကြီးများကို နံပတ်တုတ်များနဲ့ ရိုက်နက်ခဲ့တယ်။ ဘုန်းကြီးတော်တော်များများက ထွက်ပြေးကြတယ်။ အနီးမှာရှိတဲ့ သစ်ပင်ပေါ်ကို တက်ပြေးသူကပြေး၊ အိမ်နီးချင်းအိမ်တွေမှာ ပြေးပုန်းသူပြေးပုန်းလုပ်ခဲ့ကြတယ်။ နံပတ်တုတ်များနဲ့ ရိုက်နက်မှုကြောင့် ဘုန်းကြီးရဲ့ခေါင်းမှာ ဒဏ်ရာရခဲ့တယ်။ ဘုန်းကြီး မနက် ပိုင်းမှာ ကျောင်းကိုပြန်လာတော့ သွေးအိုင်များ၊ ကွဲအက်နေတဲ့ ပြတင်း ပေါက်များနဲ့ ကြမ်းပြင် ပေါ်မှာပြန့်ကြဲနေတဲ့ကျည်ဆံများကို တွေ့ခဲ့ရ
တယ်။ ဘုန်းကြီး ၂၃၀ ပါးမှ ၁၀၀ ပါးဟာ ပျောက်ဆုံးနေတာကို တွေ့ခဲ့ ရတယ်။ ဘုန်းကြီးကျောင်းမှာ တွေ့သမျှ ပိုက်ဆံ၊ လက်ဝတ်ရတနာ၊ အခြားအဖိုးတန်ပစ္စည်းများကိုလည်း ယူသွားကြတယ်။

ဆရာတော် ဦးကန်သာက ဘုန်းကြီးကျောင်းတွင် ဖြစ်ပျက်မှုများကို ပြောပြခဲ့ခြင်း၊ စက်တင်ဘာ ၂၇

"ကျမတို့အရမ်းကြောက်ခဲ့ကြတယ်။ ကျမ သူငယ်ချင်းနှစ်ယောက်က အော်ပြီးငိုကြတယ်။ စစ်သားတွေ ကျမတို့ကို တွေ့သွားမှာ အရမ်း ကြောက်ခဲ့တယ်။ သတင်းပေးသူများက မြက်ပင်

ရှိရာဘက်ကို လက်ညှိုး ထိုးပြခဲ့တယ်။ လူငယ် ၇ ယောက် အဲဒီမှာ ပုန်းနေတာဖြစ်တယ်။ သူတို့ထပြေးသွားတယ်။ ဒါပေမယ့် စစ်သားတွေ သူတို့ရဲ့ ကျောဘက်ကို သေနတ်နဲ့ပစ်ခဲ့တယ်။ ၆ လှမ်း၊ ၇ လှမ်းပဲ လှမ်းပြီး လဲကျသွားခဲ့တယ်။ အသက် ၂၀ မှ ၂၂ အတွင်းရှိတဲ့ အဲဒီလူငယ်တွေဟာ သေနတ်နဲ့ ပစ်သတ်ခံခဲ့ရတယ်။ ကျန်တဲ့လူများက ပြေးဖို့ကြိုးစားတယ်။ ဒါပေမယ့် ဖမ်းမိပြီး သူတို့ရဲ့စစ်ကားများနဲ့ ခေါ်ဆောင်သွားခဲ့ကြတယ်"

သဇင်အေး၊ တာမွေအမှတ် ၃၊ အထက်တန်းကျောင်းတွင် ဖြစ်ပွားခဲ့သော သတ်ဖြတ်မှုများကို ဖော်ပြခြင်း

"သတိပေးပြီးတဲ့နောက်၊ ရှေ့တန်းမှာရှိတဲ့စစ်သားများက လူအုပ်ကြားထဲ မျက်ရည်ယိုဗုံး များပစ်ခဲ့တယ်။ စစ်သား ၅ ယောက်က မျက်ရည်ယိုဗုံးတွေကို ပစ်ခဲ့တာဖြစ်တယ်။ ကြေငြာပြီးတာနဲ့ ချက်ချင်းကို ပစ်ခဲ့ကြခြင်းဖြစ်တယ်။ လူအုပ်ကြီးက အရပ်လေးမျက်နှာဆီထွက်ပြေး ကြတယ်။ စစ်သား ၂၀ ယောက်က လမ်းကိုပိတ်ဆို့ထားတဲ့ခြံစည်းများကို ကျော်ပြီး လူတွေကို ရိုက်ခဲ့ကြတယ်။ လူ ၂ ယောက် သေသွားတယ်။ ရုပ်ရှင်တွေထဲကလို မဟုတ်ဘူး။ အဲဒီ စစ်သားတွေကလူတွေကို ရိုက်တဲ့အခါ အသေသတ်ဖို့ ကြိုးစားတာ။ ခေါင်းနဲ့ ဝမ်းဗိုက်ကို ဦးတည်ပြီး ရိုက်တယ်။ လူသေ အလောင်း ၂ လောင်းရဲ့ ခြေထောက် ကို ပိတ်ဆို့ထားတဲ့ခြံစည်း အပေါ်ကို ဆွဲတင်ပြီး သူတို့ရဲ့ စစ်ကားနားမှာ ချထားတယ်။

စမ်းစမ်းထိုက်၊ ရန်ကုန်မြို့လယ်ထဲ ဖြစ်သော အဖြစ်အပျက်များကို ဖော်ပြခြင်း

"အဲဒီ မိန်းကလေးက ထိုင်ရ၊ မတ်တပ်ရပ်ရမှန်း မသိဘူး ဖြစ်နေတယ်။ လုံထိန်းအရာရှိက သူ့ရဲ့ နံပတ်တုတ်နဲ့ မိန်းကလေးမျက်နှာ တဖက်ခြမ်းကို ရိုက်ခဲ့တယ်။ အဲဒီ မိန်းကလေး လဲကျ သွားခဲ့တယ်။ အသက် ၂၀ လောက်ရှိမယ်ထင်တယ်။ မျက်နှာပေါ်ကနေ သွေးတွေစီးဆင်း နေတယ်။ သူ့ခေါင်းကွဲသွားလား မသိဘူး၊ သေသွားသလားလဲ မသိဘူး။ ဘယ်သူမှလည်း အဲဒီမိန်းကလေးကို မကူညီနိုင်ခဲ့ဘူး။ ကျတော်တို့ခေါင်းထောင်လာရင် သူတို့ခြေထောက် တွေနဲ့ဆောင့်ကန်ကြမှာပဲ"

ထွန်းကျော်ကျော်၊ ဖမ်းဆီးမှုများကို ပြောပြခဲ့ခြင်း

ဤအစီရင်ခံစာနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက (သို့) သတင်းပေးပို့ လိုပါက burma@hrw.org အီးမေးလ်လိပ်စာသို့ ရေးသားပေးပို့ကြပါရန်။